# ချစ်တယ်
# လင်းရောင်စဉ်

၊ ဒုတိယအကြိမ် ၊



(ဂျပန်ဘာသာသို့ ပြန်ဆိုရန် ရွေးချယ်ခြင်းခံရသော ဝတ္ထု)

# စိတ်လိုလက်ရ ရေးတဲ့ စာ

တစ်ယောက်ယောက်ကို စိတ်လိုလက်ရ ပြောပြချင်တဲ့ အကြောင်းအရာတွေကို နှုတ်ကနေ အန်မထုတ်နိုင်ခဲ့တဲ့ အခါ စာတွေအဖြစ် ချရေးမိခဲ့တယ်ပဲ ဆိုရပါမယ်။ ဟိုးလွန်ခဲ့တဲ့ ကာလတွေတုန်းက ကျွန်တော်နေတဲ့ လမ်းလေးထဲကနေ စက်ဘီးကလေး နင်းထွက်သွားရင် ကွင်းပြင်စိမ်းစိမ်းကြီးကို ဖြတ်ကျော်ပြီးမှ အထက်တန်းကျောင်းရှိတဲ့ နေရာကလေးကို ရောက်တာပါ။ အဲဒီတုန်းက ကျွန်တော်ပိုင်တဲ့ စက်ဘီးကလေးက အဖေဝယ်ပေးထားတဲ့ အစိုးရထုတ်ဘီးကလေး။ အဖေဆုံးတော့ အဲဒီဘီးကလေးက အိမ်ထောင့်ကလေးမှာ ဖုန်တွေတက်ပြီး လဲနေလို့ ပါပဲ။ အဲဒါတွေက ကြာခဲ့ပါပြီ။

တစ်ရက်တော့ ယုဇနဥယျာဉ်မြို့ဘက်ကိုသွားရင်း ကွင်းပြင်စိမ်းကြီးကို ကားနဲ့ ဖြတ်တော့ ကျွန်တော့်ရင်ထဲမှာ စိတ်လိုလက်ရ ဇာတ်လမ်းတစ်ခုကို ချရေးချင်စိတ် ဖြစ်လာမိတယ်။ ကျောင်းသားဘဝတုန်းကတော့ စာရေးတာ ဝါသနာပါတာမို့ တွေးထားခဲ့ဖူးတယ်။ ဇာတ်လမ်း၊ ဇာတ်ကွက်ကြီးတွေ ချ။ ဟဲဗီးဒရမ်မာတွေခင်းပြီး စာဖတ်သူကို မက်ဆေ့ချ်တွေ တစ်ပုံနဲ့ ဝတ္ထုလုံးချင်းကြီးတွေ ချရေးပြဖို့ စိတ်ကူးဖူးတာပါ။ ခုချိန်မှာတော့ စိတ်ကူးတွေက တက်တက်စင် လွဲနေပြန်ပါတယ်။ ရင်ထဲရှိတဲ့ စိတ်လိုလက်ရ ရှိလာတာတွေပဲ ရေးချင်လာမိတယ်။ ဒီဝတ္ထုကို ရေး

တုန်းက ဝတ္ထုရှည် တစ်အုပ်ဖြစ်အောင် ရေးဖို့ မဟုတ်ခဲ့ပါဘူး။

"အဲဒီနေ့က နင်နဲ့ ငါ စက်ဘီးစီးကြတယ်" ဆိုတဲ့ ကွင်းပြင်စိမ်းကြီးနဲ့ ပတ်သက်တဲ့ အတိုလေး စရေးဖို့ ပါပဲ။ ရေးတာက ကွင်းပြင်စိမ်းက မြက်ခင်းလေး တစ်ခုပေါ်မှာ ပါ။ ကိုယ့်ဘာသာ ပြန်ဖတ်ရင်းနောက်တော့ စိတ်လိုလက်ရ ပြောပြချင်တာတွေ များ လာတယ်။ အိမ်ရောက်တော့ တစ်ညလုံး မိုးလင်းပေါက် ထပ်ရေးဖြစ်ပြန်တယ်။ ခေါင်းစဉ်နှစ်ခု ပြီးသွားချိန်မှာ ကျွန်တော် မောသွားမိတယ်။ ဆက်လည်း ရေးချင်စိတ် မရှိတော့ဘူး။ အဲဒီလိုနဲ့ မရေးဘဲ ပစ်ထားမိတာ လချီတယ်။

တစ်ရက်တော့ ပိုပိုရဲ့ သံယောဇဉ်လက်ကျန် သီချင်းကို ကော်ဖီဆိုင်တစ်ခုမှာ အမှတ်မထင် နားထောင်မိရင်း ကျွန်တော့်စိတ်တွေ ပြန်နိုးထလာပြန်တယ်။ အဲဒီရက်ပိုင်းကျမှ ပန်းဆိုးတန်းက "အညာအထာ" ဆိုတဲ့ ပန်းချီကားတွေ၊ အနုပညာ ပစ္စည်းတွေရှိတဲ့ ကော်ဖီဆိုင်ကလေးမှာ ပြန်စရေးဖြစ်တယ်။ နောက်တော့ ကျွန်တော့် အိပ်ခန်းကလေးမှာ ဒီဇာတ်လမ်းကို ရက်ဆက် ချရေးပစ်ခဲ့မိတာပါ။ အကုန်ပြီးသွားချိန်မှာ ကျွန်တော် ပြန်ဖတ်ကြည့်မိတယ်။ စာမျက်နှာ ရာကျော်လောက်ပဲရှိတယ်။ သူငယ်ချင်းတစ်ယောက်ကတော့ အကြံပေးတယ်။ ကြားထဲမှာ ဇာတ်ကွက်တွေ၊ ဇာတ်လမ်းတွေ ထပ်ဖြည့်ပြီး စာအုပ်အထူကြီး လုပ်ပစ်ဖို့ ပါ။ ကျွန်တော် မဖြည့်ဖြစ်ခဲ့ပါဘူး။ ကျွန်တော့်ရဲ့ စိတ်လိုလက်ရ ဖြစ်တည်မှုကို ဖျက်ဆီးမပစ်ချင်လို့ ပါ။ စာအုပ်တစ်အုပ်လုံးက ပြန်ပြင်တာ တစ်ခုမှ မလုပ်ဘဲ စိတ်လိုလက်ရ ရေးဖြစ်ခဲ့တာတွေပါပဲ။

ဒီစာအုပ်ကို တစ်ယောက်ယောက်က ဖတ်ကြည့်ပြီးတဲ့ အခါ တချို့နေရာတွေမှာ ငါ့ကို ပြောနေတာလားလို့ တွေးမိရင် သေချာပါတယ်။ ကျွန်တော် အဲဒီသူကိုပဲ စိတ်လိုလက်ရ ပြောနေခဲ့တာပါ။ ဒီထဲက

အကြောင်းအရာတွေက ဘယ်သူမှ မဖြစ်နိုင်ပါဘူးလို့ စိတ်က ထင်မိရင်လည်း ကျွန်တော် စိတ်လိုလက်ရ ပြောပြနေတဲ့ ဇာတ်လမ်းတစ်ပုဒ်လို့ ပဲ မှတ်ပါ။ ရင်ထဲမှာ စိတ်လိုလက်ရ ဖြစ်လာတဲ့ အတိုင်း မှတ်ယူနိုင်ပါတယ်။ ဒီစာအုပ်ထဲမှာ ပါတဲ့ တချို့အရာတွေက လိုနေတယ်၊ မှားနေတယ်လို့ ထင်ရင် သေချာပါတယ်၊ အဲဒါက ကျွန်တော့်ရဲ့ အမှားနဲ့ အားနည်းချက်သာ ဖြစ်ပါတယ်။

တစ်ယောက်ယောက်ကို စိတ်လိုလက်ရ ပြောချင်တာတွေ ရှိလာတဲ့ အခါ ဒီစာအုပ်ကို စိတ်လိုလက်ရ ဖတ်ကြည့်လိုက်ပါ။ ပြီးရင် စာအုပ်အလွတ်တစ်အုပ်နဲ့ ကိုယ်ပြောချင်တာတွေ ချရေးပစ်လိုက်ပါ။

ကျွန်တော်ကတော့ စိတ်လိုလက်ရ ရေးဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့... "ချစ်တယ်" လို့ မပြောနိုင်ခဲ့ခြင်းအတွက်ကိုတော့ တောင်းပန်ပါတယ်။

**မြတ်နိုးခြင်းများ စွာဖြင့်သာ ကိန်းအောင်းနေပါစေတော့လေ......**

**လင်းရောင်စင်**

* * *

**နင်သိလား**

* * *

"ငါကတော့ အချစ်ကို အချစ်လို့ ပဲ မြင်ခဲ့ပါတယ်။
ပေးဆပ်ခြင်းလည်း မပါဘူး။ ရယူခြင်းလည်း မပါဘူး။
ကျန်တဲ့ စံသတ်မှတ်ချက်တွေလည်း မရှိဘူး။
ငါ နှင့်အပါးမှာ အမြဲရှိချင်တယ်။
နှင့်အပါးမှာ နေရရင် ငါပျော်တယ်လို့ ခံစားရတယ်။
မဟုတ်ဘူး ။ အဲဒါကပဲ ငါပျော်ရွှင်ခြင်း ဖြစ်နေခဲ့တာ"

***

## နှင်သိလား

အဲဒီညက မိုးအကုန် ဆောင်းအကူးမို့ ထင်တယ်။ နည်းနည်း အအေး ဓာတ်ရတယ်။ ငါရေချိုးပြီးတဲ့ အချိန် ငါတို့ မြို့မှာ မီးရောင်တွေနဲ့ ပဏာ ရနေပြီ။ ရုံးပြန်နောက်ကျတဲ့ နေ့တွေဆို ထမင်းဝိုင်းက ငါတစ်ယောက် တည်းပေ့ါ။ အမေကတော့ ဘုရားတောင် ဝတ်ပြုနေပြီ။ င့ါအတွက် တစ် ခုခု လိုနေသလိုပဲ။ ရုံးကပြန်လာတိုင်း ကြည့်ဖြစ်တဲ့ နှင်တို့ အိမ်ကလေး က မီးရောင်တွေ မဲ့နေခဲ့တယ်။ နှင်ရှိနေတယ်ဆိုတဲ့ ခံစားချက် ပျောက် နေတဲ့ ညဆိုပါတော့။ သတ္တဝါတွေ အားလုံး ကျန်းမာပါစေဆိုတဲ့ အမေ့ရဲ့ မေတ္တာပို့သံနဲ့ အတူ ငါပါ လိုက်မေတ္တာပို့မိတယ်။ နှင် စိတ်ချမ်းမြေ့ ပျော် ရွှင်ပါစေပေ့ါ။ အမေများ သိရင် င့ါကို ဘယ်လောက်များ ခေါင်းခေါက် ချင်လိုက်မလဲ။ ငါက နှင့်အတွက်ပဲ ထည့်တွက်နေခဲ့မိတာကို။

ထမင်းစားပြီး ပန်းကန်တွေ ဆေးခါနီးတော့ အမေ ဘုရားဝတ်ပြုပြီး ပြီ။ အမေမလာခင် ပန်းကန်တွေ ထဆေးနေတုန်း ဘုရားခန်းက ထွက်လာတဲ့ အမေ့ဆီက အမှတ်မထင် စကားကြားရတော့ ငါဆွံ့အသွားမိတယ်။ နင်တို့ နယ်ကို ပြောင်းသွားကြပြီတဲ့ ။ ငါ့မှာ အာစေးမိနေခဲ့မိတယ်။ ပန်းကန်တွေ ဆေးနေလား ရပ်နေသလား ငါမမှတ်မိတော့ဘူး။ ဘယ်တုန်းကလဲ အမေလို့ ငါမေးမိတယ် ထင်တယ်။ နင်မသိဘူးလား ဆိုတဲ့ အမေ့ရဲ့ အံ့ဩသံနောက်မှာ ခုညနေ ကားနဲ့ ပစ္စည်းတွေ တင်ပေးလိုက်ပြီ။ နင်တို့ သားမိက အဝေးပြေး ကားဂိတ်ကနေ ခုညထွက်မှာ ဆိုတော့ ငါဘာလုပ်မိတယ်ထင်လဲ။ ဆေးလက်စ ပန်းကန်ကိုချပြီး စက်ဘီးဆွဲထုတ်ထွက်လာခဲ့တာပဲ။ ကွင်းပြင်စိမ်းကို ဖြတ်ကျော်နင်းတယ်။ ငါတို့ ဝက်သားတုတ်ထိုး သွားစားနေကျ ဘတ်စ်ကားဂိတ်နားက ကွမ်းယာဆိုင်မှာ စက်ဘီးအပ်တယ်။ ပြီးတော့ အဝေးပြေးကို Taxi ငှားပြီး ငါလိုက်လာခဲ့တာ။ နင့်ဖုန်းက စက်ပိတ်ထားတယ်တဲ့ လေ။ ငါ့မျက်လုံးတွေက ပြာဝေလို့ ပါပဲ။

တကယ်ဆို နင် ငါ့ကို ကြိုပြောပြခဲ့သင့်တာပေါ့။ စီစဉ်ထားခဲ့တာပဲဖြစ်ဖြစ်၊ ဗြုန်းဒိုင်းပဲဖြစ်ဖြစ် နင် ငါ့ကို ဖုန်းဆက်သင့်တာပေါ့။ နင်က ငါ့ကို အရေးမလုပ်တတ်တာ သိပေမယ့် ဒီတစ်ခါတော့ နင်ငါ့အပေါ် ရက်စက်လွန်းတယ်။ ငါက အဲ့လောက်တော့ အရေးပါမယ် ထင်ခဲ့တာ။ နင့်အနားမှာ အမြဲရှိခဲ့တဲ့ သူ တစ်ယောက်အနေနဲ့ ပေါ့။ နောက်တော့လည်း ငါ့စိတ်ငါ ပြန်ဖြေရတယ်။ နင် ငါ့ကို မသိစေချင်တာ နေမှာ ပါပေါ့။ စိတ်မကောင်း ဖြစ်မှာစိုးလို့ နေမယ်ပေါ့ ။ ငါက အဲဒီလိုလူပါပဲ။ နင်နဲ့ ပတ်သက်တဲ့ အခါတိုင်း အပြစ်မြင်ဖို့ မစွမ်းသာတဲ့ ငါပါပဲ။

အဲဒီညက တစ်ညလုံး ငါကားကြီးဝင်းမှာ ဒေါင်းတောက်နေခဲ့တာ။ အမေ့ဆီကို ဖုန်းတွေဆက်တယ်။ နင်တို့ ရှိမယ့် ကားဂိတ်ကို ထပ်မေးရ

တာပေ့ါ။ အမေကလည်း ကလောလိုလို၊ တောင်ကြီးလိုလို ဖြေတယ်။ ခရီးလမ်းကြောင်းက တစ်ခုတည်းဆိုတော့ ရှာရတာတော့ သိပ်တော့မများ ဘူး။ အဲဒီဘက်ကိုထွက်တဲ့ ကားဂိတ်တွေသာ စုံစမ်းရတာ ကုန်သွားတယ်။ နင်တို့ သားမိကို အရိပ်ယောင်တောင် မတွေ့ခဲ့ရပါဘူး။ ငါ အဲဒီညက ကားဝန်းထဲမှာ တစ်ညလုံးနေခဲ့တာ။ အမေဖုန်းဆက်တော့ သူငယ်ချင်းအိမ်မှာ လို့ ဖြေပြီး ငါနေခဲ့တာ။ ကားဝင်းကြီး ထဲကနေကားတွေ တစ်စီးပြီးတစ်စီး ထွက်သွားတိုင်း နင်ပါမလား လိုက်ငေးမိတယ်။

တောင်ကြီး၊ ကလောဘက်သွားတဲ့ ကားဆို ရပ်ခိုင်းပြီး ငါနင့်နာမည်ကို တက်မေးတယ်။ တကယ် အရူးတစ်ယောက်လိုပါပဲ။ ငါငိုမိသေးတယ် ထင်တယ်။ နင်သိရင် ငါ့ကို လှောင်များ နေမလား။ ဟိုတစ်ခါ နင့်အဘွားအိမ် သွားနေတုန်းကလို နင်ပြောဦးမလား။ ငါသေသွားတာ မဟုတ်ဘူး ဆိုတဲ့ စကားမျိုးလေ။ နင်များ တကယ်သေသွားရင် ငါအကြာကြီး ရူးကျန်ခဲ့မယ် ထင်တယ်။

ခုတော့ နင်သိပ်ရက်စက်ပါတယ်။

အဲဒီလိုနဲ့ နင် ငါ့အပါးကနေ ထွက်သွားခဲ့တာနော်။

(၂)

နင်သိလား မိုးတွေ တစ်ကျော့ပြန် ရွာလာခဲ့ပြန်ပြီ။ ဘာလိုလိုနဲ့ နင် ငါ့ကို အဆက်အသွယ် ဖြတ်သွားခဲ့တာ နွေ၊ မိုး၊ ဆောင်း သုံးခါသုံးလီတောင် ထပ်သွားပြီ။ နင့်ကိုသတိရရင်း ရုံးတွေ၊ သင်တန်းတွေနဲ့ ငါလည်း လုံးလည်ပတ်ချာလိုက်ရင်းပေ့ါ။ အမေကတော့ လမ်းထဲက

သတင်းတွေ သယ်သယ်လာတတ်တယ်။ နင်တို့ သားမိတွေ ကလောက နေ ကျိုင်းတုံ၊ ကျိုင်းတုံကနေ လားရှိုးဘက် ပြောင်းသွားပြန်ပြီတဲ့ ။ တကယ်ဟုတ်၊ မဟုတ်တော့ မသိပေမယ့် နင်တို့ သားမိလည်း လမ်းထဲက အမျိုးသမီးတွေနဲ့ ငါ့အမေ ပါးစပ်ဖျားတော့ ခဏခဏ ပြောင်းနေကြတာပါပဲ။ နင့်ဆီကနေ e-mail လေး တစ်စောင်ဖြစ်ဖြစ်၊ ဖုန်းလေးတစ်ကောလ်ဖြစ်ဖြစ် ဝင်လာမလားဆိုပြီး ငါ ဖုန်းကဒ်ရော၊ အီးမေးလ်လိပ်စာရော ဘာမှ မပြောင်းဖြစ်ခဲ့ဘူး။ အိပ်မက်ပါပဲ။ နင် ငါ့ကို ဘယ်တုန်းကမှ သတိရမလာခဲ့ဘူး။

မိုးတွေရွာတဲ့ ညနေတစ်ခုက ငါ ရုံးပြန်လာတော့ ထီးဖွင့်မဆောင်းဖြစ်ဘူး။ နင့်ကို သိပ်သတိရတယ်။ ငါတို့ ကျောင်းတက်တုန်းက မိုးရေထဲ ထီးမဆောင်းဘဲ လမ်းလျှောက်ကြတာလေ။ ငါတို့ တက်တဲ့ အ-ထ-က (၁) ကနေ ငါတို့ လမ်းထဲထိ မိုးရေထဲ လမ်းလျှောက်ကြတာ မှတ်မိလား။ လွယ်အိတ်တွေကို ကျန်ကျောင်း ပလတ်စတစ်အိတ်ကြီးထဲ ထည့်ပြီး ငါက သယ်ရတာ။ နင်က မိုးရေထဲပြေး၊ ငါက နောက်ကလိုက်။ ပျော်စရာကောင်းလိုက်တာ။ ဘတ်စ်ကားဂိတ်နားရောက်တော့ ဒေါ်ပုမုန့်တီဆိုင်မှာ ငါတို့ ဝင်သောက်ကြတာ မှတ်မိလား။ ခုတော့ အဲဒီနေရာက ကွန်ဒိုကြီး ဖြစ်သွားပြီ။ နင်က ငါ့ မုန့်တီပန်းကန်ထဲကို ငရုတ်သီးစိမ်း ထောင်းပြီးသားတွေ တအား ထည့်လိုက်တာလေ။ ငါ့မှာ မိုးတွေစိုနေတဲ့ ကြားက ချွေးပြိုက်ပြိုက်ကျရော။ နင်ကတော့ ငါ့ကိုကြည့်ပြီး လှောင်နေခဲ့တာ။ နင်ကျတော့ ငါးဖယ်လေးတွေ ရွေးစားခဲ့တာ။ အကောင်းကြိုက်မလေးဆိုတော့ နင်က ဇက်ပုပြတယ်။ အဲဒီနေ့က မိုးတွေကလည်း တအားရွာတာ။

ခုချိန် နင်နေတဲ့ နေရာမှာ ရော မိုးတွေရွာနေမှာ လား။ နင်လည်း ပဲ ငါ့ကိုသတိရနေမလား ငါသိချင်လိုက်တာ။ နင်သတိရမှာ မဟုတ်ပါဘူး။

ငါက နင့်အတွက် ဘယ်တုန်းကမှ ဘောင်ဝင်ခဲ့တာမှ မဟုတ်တာ။ ခု ရက်ထဲ မိုးတွေရွာတယ်။ ကျန်းမာရေးဂရုစိုက်လို့ ပြောချင်ပေမယ့်နင်က ဘယ်ရောက်နေမှန်း ငါမသိနိုင်ခဲ့ဘူး။ စိမ်းညို့ညို့ တောင်တန်းတွေရှိတဲ့ ကလောမှာ လား၊ ထင်းရှူးပင်တွေနဲ့ မိုးစက်တွေကြားထဲမှာ နင်ပျော်နေခဲ့ပြီလား။ အမေပြောသလို လားရှိုးဘက်မှာ များ လား။ ဘယ်နေရာဖြစ်ဖြစ် ခုချိန် မိုးတွေ သည်းနေမှာ ။

နင်အပြင်ထွက်လို့ ထီးမပါတဲ့ အခါ ထီးဆောင်းမလာဘူးဆိုပြီး ထီးထွက်ပေးမယ့် ငါ့လိုလူမျိုး ရှိနေပါစေလို့ ငါဆုတောင်းရပြန်တယ်။ နင်အေးလိုက်တာလို့ ပြောတဲ့ အခါ ငါ့အင်္ကျီအပေါ်ထပ်ကိုချွတ်ပြီး ဝတ်ပေးဖို့ လည်း ငါ့အနားမှာ နင်မရှိနိုင်တော့ဘူး။ နင်ဂျစ်ကျချင်တဲ့ အခါ နင့်အနား ဘယ်သူများ ရှိနေပါ့မလဲ ငါသိချင်လိုက်တာ။ အဲဒီအခါမျိုးတော့ နင်ငါ့ကိုသတိရမှာ ပါ။ အဲဒီအခါ ငါ့ကို ဆက်သွယ်ချင်စိတ်လေးများ ဖြစ်လာမလားဆိုပြီး ငါမျှော်လင့်နေခဲ့ဖူးတယ်။ အိပ်မက်ပါပဲ။

နင်သိလား ငါတို့ ငယ်ငယ်က အစေ့ကလေးတွေ သွားထုစားကြတဲ့ လမ်းထိပ်က ဗန်ဒါပင်ကြီး သေသွားပြီ။ ဟိုတစ်နေ့က ငါရုံးကပြန်လာတော့ လှဲပြီး ဖြတ်တောက် ရှင်းလင်းတောင် ပြီးသွားကြပြီ။ အဲဒီနားမှာ လင်းထင်းနေတာပဲ။ ငါ့ရင်ထဲမှာ အမျိုးအမည်မသိတဲ့ ဝေဒနာကို ခံစားလိုက်ရတယ်။ ပြီးတော့ တစ်ဆက်တည်း နင့်ကိုသတိရတယ်။

ငါတို့ ငယ်ငယ်က ကစားလို့ မောတဲ့ အခါ အဲဒီဗာဒံပင်ကြီးအောက်ကို သွားပြီး ဗာဒံသီးထုစားကြတာ။ အမြဲတမ်း ငါက နင့်ကို အစေ့ထုပေးရတယ်။ နင်က အလျှဉ်မီအောင်စားတယ်။ တစ်ခါတစ်ခါနင်က ဂျစ်သေးတာ။ ခုတော့ ဗာဒံပင်ကြီး သေသွားပါပြီ။ ငါ့ရင်ထဲမှာ တော့ နင့်ကို

သိပ်သတိရတယ်။ နင်နဲ့ ပတ်သက်တဲ့ အမှတ်တရတွေကို သတိရတယ်။ နင်ကတော့ ဘယ်ဆီမသိပေါ့။ လွမ်းလိုက်တာ။ နင်သိလား ငါတို့ ငယ်ငယ်က အမှတ်တရတွေက ခေတ်ရေစီးထဲမှာ တစ်စတစ်စနဲ့ ပြိုပျက်ကုန်ကြပြီ။

တစ်နေ့က လမ်းထဲကို လူသစ်တွေ ပြောင်းလာကြတယ်။ နင်တို့ ခြံနဲ့ အိမ်ကို ဝယ်လိုက်တာတဲ့ ။ နင်တို့ အိမ်ကို ပြန်ဝယ်ထားတဲ့ နင်တို့ ဦးလေးဝမ်းကွဲက ရောင်းလိုက်တာ ပြောတယ်။ အိမ်ရှင်အသစ်တွေက ပိုက်ဆံ ရှိကြတယ် ပြောရမယ်။ ငါ့ရင်ထဲက နင်နေခဲ့တဲ့ အိမ်ကလေးကို ဆွဲနုတ်ဖို့ လုပ်ကြတယ်။ နင်နဲ့ ငါ တယုတယနဲ့ စိုက်ခဲ့တဲ့ စံပယ်ရုံကြီးကို ဓားတွေနဲ့ ခုတ်ပစ်ကြတယ်။ နင်စီးနေကျ ဒန်းကလေးကိုဖျက်ပစ် ကြတယ်။ သရက်ပင် တချို့ကို ခုတ်တယ်။ နင်နဲ့ ငါ တက်ခူးစားနေကျ မာလကာပင်ကြီးကို ခုတ်ထွင်ပြီး အမြစ်ကတူးပစ်တယ်။ သံချေးတက်နေတဲ့ သံစကာခြံစည်းရိုးလေးကို အုတ်တံတိုင်းကာဖို့ ကြိုးစားကြတယ်။ နင်သိပ်ကြိုက်ခဲ့တဲ့ နင်တို့ တိုက်ကလေးရဲ့ မျက်နှာစာ ဆေးရောင်ကတော့ အဖြူအစား အစိမ်းနုရောင်လေး ပြောင်းသွားတယ်။

အဲဒီနေ့ရက်တွေမှာ ပေါ့။ ငါအပြင်းဖျားတယ်။ အမေက ရေပတ်ဝတ်တွေ တိုက်ပေးရတယ်။ စပ်ဆေးတွေ ဝယ်တိုက်တယ်။ မသက်သာတဲ့ အဆုံး လမ်းထဲက ဆရာဝန်ကိုပင့်ပြီး ဆေးထိုးရတယ်။ ဆရာဝန်ကဘယ်သူ ထင်လဲ။ နင် သိပ်ချစ်ခဲ့ရတဲ့ ဟိုကောင့် ညီမဝမ်းကွဲပေါ့။ မကွေးမှာ ဆေးကျောင်းသွားတက်နေတဲ့ ကောင်မလေးလေ။ ဂျစ်တူးလေးပေါ့။ ခုတော့ သူက ဆရာဝန်မကလေး ဖြစ်သွားပြီ။ သူက ငါ့ကိုဒရစ်တွေ ချိတ်ပေးခဲ့တယ်။ ငါ အားတွေ တအားနည်းနေပြီတဲ့ ။ ဟုတ်တာပေါ့။ ငါ ထမင်းမစားတာ ဘယ်နှစ်ရက်ရှိပြီလဲ။ တစ်၊ နှစ်၊ သုံး၊ လေး။ ဟုတ်တယ် လေးရက်တိတိရှိပြီ။

ကြား ထဲ မှာ အမေတိုက်တဲ့ ကြက်စွပ်ပြုတ်ကလေး တစ်နေ့နည်း နည်းစီပဲ ဝင်လိုက်တယ်။ အမေကတော့ သိပ်စိုးရိမ်နေခဲ့တာ။ ရုံးကလူ တွေလည်း ညနေရုံးဆင်းရင်း လာလာမေးကြတယ်။ ရုံးက လူတွေက စ နောက်ကြတယ်။ သေခါနီး ဘာမှာ ချင်လဲတဲ့ ။ တကယ်သာ ငါသေတော့ မှာ ဆို နင့်ကို သိပ်သတိရနေကြောင်း၊ နင်နေကောင်းအောင်နေဖို့ အကြောင်းပဲ မှာ ဖြစ်မယ် ထင်တယ်။

ငါဘာလို့ ဖျားလဲ နင်မသိချင်ဘူးလား။ နင်မသိချင်လည်း ငါပြောပြမ ယ်။ နင့်အငွေ့အသက်တွေရှိတဲ့ ခြံဝင်းကလေး၊ အိမ်ကလေးကခုတော့ တစ်စစီ ပြောင်းလဲလို့ ပေါ့။ အိမ်အပေါ်ထပ် ပြတင်းကနေ ငါအသံတွေ ကြားရတယ်။ ပစ္စည်းတွေ ထုနှက်သံတွေ။ နင်တို့ အိမ်ကလေး မဟုတ် တော့ဘူး။ တခြားအရာတွေက အစားထိုးသွားခဲ့ကြပြီ။ ငါစက်ဘီးနဲ့ နင်း ပြီး လိုက်လိုက်ပို့နေကျ နင်တို့ ခြံဝကလေး မရှိတော့ဘူး။ သစ်ခွတွေ မရှိ တော့ဘူး။ ငါညနေ ရုံးပြန်တိုင်း လှမ်းကြည့်ဖြစ်တဲ့ နင့်အခန်းကလေးက အလုံပိတ် ဖြစ်သွားပြီ။

ဆရာဝန်မလေးက ညနေဘက်ဆို ငါ့ကို လာကြည့်ပေးတယ်။ အဲဒီ အချိန်တိုင်း ငါတစ်ခွန်းပဲ မေးဖြစ်တယ်။ နင်တို့ အိမ်ကလေးမှာ ဘာတွေ လုပ်နေကြသလဲ ဆိုတာပါပဲ။ ဆရာဝန်မကလေးက ဘာမှ မသိရှာဘူး ထင်တယ်။ သူက အထက်တန်းထဲက ဒီမှာ မနေတော့ ဘယ်သိရှာမလဲ ငါတို့ ပတ်သက်မှု အကြောင်းတွေ။ အိမ်ကလေးကို ပြင်ဆင်နေတဲ့ အခြေနေကို အကုန်အမှန်တိုင်း ပြောပြတယ်။ အဲဒီအိမ်မှာ အိမ်သစ်တွေ က အုတ်တံတိုင်း ကာလိုက်ပြီဆိုတဲ့ အကြောင်း။ သံဆူးကြိုးတွေပါ တင် လိုက်တဲ့ အကြောင်းပေါ့။ ငါ့ ရင်ထဲမှာ အမျိုးအမည်မသိ ဝေဒနာတစ်ခု ခံစားရတယ်။ နင်နဲ့ ငါ့ကြားမှာ ပြန်မတွေ့နိုင်တော့မယ့် စည်းတစ်ခု ခြားသွားသလို ခံစားရတယ်။ နင်ဘယ်ရောက်နေလဲ ငါသိချင်လိုက်တာ။

သိများ သိရင် ငါနင့်ဆီကို အပြေးလာချင်မိတယ်။ နင်တို့ အိမ်ကလေး အကြောင်းရောရော ငါ့ရင်ထဲက ခံစားရတာ တွေရောငါပြောပြချင်မိတယ်။ တကယ်တမ်းကျငါဟာ နှုတ်ဆိတ်ဆွံ့အ ခဲ့တာပါပဲ။

အဲဒီရက်ပိုင်းထဲမှာ ဆရာဝန်မကလေးနဲ့ ငါ နည်းနည်း ရင်းနှီးစပြုခဲ့ တယ်။ မနက်တစ်ခေါက် ညနေတစ်ခေါက် ငါ့အိမ်ကို သူလာကြည့်ပေး တယ်။ ငါ့အိပ်ခန်းထဲကိုပဲ လာလာကြည့်ပေးရတာဆိုတော့ သူနဲ့ ငါစ ကားစ တချို့တော့ ပြောဖြစ်ကြတယ်။ ငါ့အခန်းနံရံမှာ ကပ်ထားတဲ့ ကဗျာတွေကို သေချာလိုက်ကြည့်တယ်။ မောင်ချောနွယ်၊ တာရာမင်းဝေ အောင်ဝေး၊ မောင်သိန်းဇော်၊ သူ့နှုတ်ကနေ နာမည်တွေ တစ်ခုပြီးတစ်ခု ရွတ်တယ်။ မျက်နှာ အိပ်စပရက်ရှင်က တစ်ခုပြီးတစ်ခု ပြောင်းတယ်။ အံ့ဩနေတဲ့ ဟန်ပေါ့။ နောက်တော့ သူလည်း ကဗျာတွေချစ်တဲ့ အကြော င်းပြောရင်း ကဗျာတွေဆီ ရောက်ကြတယ်။ အမေကတော့ ဆရာမလေး အတွက်ဆို ကော်ဖီတွေ လာလာ ပို့ပေးပေမယ့် ကော်ဖီတွေက ကဗျာ တွေအောက် ရောက်ရောက်သွားကြတယ်။ အေးစက်လို့ ပါပဲ။

နောက်တော့ ငါစပ်ထားတဲ့ ကဗျာမမည်တဲ့ စာတစ်ပုဒ်ကိုဖတ်ပြီး သူ ငြိမ်နေတယ်။ တစ်ခုခုကို စဉ်းစားနေတဲ့ ဟန်မျိုးပေါ့။ နင်သိလား အဲဒီ လိုနဲ့ အဲဒီဆရာဝန်မလေးနဲ့ ငါ ကဗျာတွေ ချစ်တာတူရင်း အတော် ရင်းနှီးခဲ့ရတယ်။ သူဖတ်တယ်ဆိုတဲ့ နံရံမှာ ကပ်ထားတဲ့ ငါ့ကဗျာ မ တောက်တခေါက်လေးကို နင့်ကိုငါ ရွတ်ပြရဦးမယ်။

နင့်ကိုသတိရတဲ့ အခါတိုင်း

မေတ္တာသုတ်တစ်ခေါက်ရွတ်တယ်

နင့်ကမ္ဘာမှာ အေးမြချမ်းမြေ့ပါစေ

နင်နဲ့ ပတ်သက်တဲ့ အမှတ်တရတွေကို

သတိရတဲ့ အခါတိုင်း
နင်လျှောက်တဲ့ လမ်းတွေ ဖြောင့်ဖြူးပါစေ
မေတ္တာပို့မိတယ်
နင့်ကမ္ဘာမှာ အဆင်ပြေချမ်းမြေ့ပါစေ

နင့်ကိုသတိရခြင်းက
မေတ္တာကြောင့်ဆိုရင်
နင့်ကို သတိရတဲ့ အခါတိုင်း
မေတ္တာတွေ ပို့လွှတ်ခဲ့ပါတယ်
ငါ့ မေတ္တာနဲ့ အေးချမ်းပါစေ။

(၃)

ငါတို့ ခြံထဲမှာ အပြာရောင်သစ်ခွတွေ ပွင့်တယ်။ နင်တော့ ရောက်မလာတော့ပါဘူး။ ငါတို့ လမ်းထိပ်ကနေ ကားဂိတ်ကိုရောက်ဖို့ ဖြတ်သွားရတဲ့ မြင်ကွင်းအစိမ်းကြီးဆီကို ညနေတိုင်း ငါစက်ဘီးစီးသွားဖြစ်တယ်။ စိတ်လိုလက်ရ ရှိတဲ့ အခါ ဂစ်တာကြီးပါ ငါသယ်သယ်သွားတာ။ ပလက်ဖောင်းပေါ်ထိုင်ပြီး တဒေါင်ဒေါင်နဲ့ ။ နင်သာရှိရင် ချစ်စမ်းမောင်ငိုမယ့် အကွက်တွေလို့ ပြောဦးမှာ သေချာတယ်။

တစ်ခါတစ်ခါ ပလက်ဖောင်းပေါ်ကနေ ရထားလမ်းကြီးကို ငေး

တယ်။ ရထားလမ်းက ဘယ်မှာ ဆုံးသွားလဲ ငါမသိချင်ဘူး။ နင့်ကို စောင့်ဆိုင်းရတဲ့ အဆုံးသတ်ကိုလည်း ငါမတွေ့ချင်ဘူး။ ရှုံးလိုက်တာလို့ ပြောရင်လည်း ငါခံမှာ ပဲ။ ငါမှ တခြားတစ်ယောက်ကို ရှူးသွပ်လို့ မရတာ။ နင့်အကြောင်းတွေ စိတ်လိုလက်ရ တွေးဖြစ်ပြန်တာပါပဲ။ နင် ညနေတိုင်း အလုပ်မလုပ်ဘူးလား မေးရင်တော့ ငါဖြေရဦးမယ်။ ငါကဗျာတွေ၊ စာတွေ ရေးတတ်နေပြီ။ ဒါဆို နင်ကဗျာဆရာဖြစ်ပြီးလားလို့ မမေးနဲ့ ဦး။ ကဗျာတွေက နင့်အကြောင်းတွေပဲ ဖြစ်နေခဲ့တဲ့ အလွမ်းစာတွေပါပဲ။

နင်ပြန်မလာတော့ဘူးလို့ စိတ်ကထင်ပြီးတဲ့ နောက် နင့်ကိုတွေ့ချင်မိတဲ့ စိတ်ကို ထိန်းချုပ်မရတဲ့ ကာလပေါ့။ စနေ၊ တနင်္ဂနွေ ရုံးနှစ်ရက်ပိတ်တဲ့ အပါတ်မှာ ငါသွားချင်တဲ့ မြို့ကလေးဆီ ရောက်အောင်သွားဖို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒါ ဘယ်မြို့လို့ နင်ထင်လဲ။ နင်ရှိတယ်လို့ ငါမှတ်ထားမိတဲ့ ကလောမြို့ကလေးဆီကိုပေါ့။ ငါသွားတဲ့ လက ဒီဇင်ဘာလကြီး။ ငါတို့ မြို့မှာ မချမ်းပေမယ့် ကလောမှာ တော့ အတော်ချမ်းနေမှာ လို့ ငါတွေးဖြစ်တယ်။

သောကြာနေ့ညနေက ရုံးဆင်းတော့ ငါအိမ်တန်းမပြန်ဖြစ်ခဲ့ဘူး။ ကုန်တိုက်ကို သွားရတယ်။ သိုးမွေးနဲ့ လုပ်တဲ့ အမျိုးသမီး အင်္ကျီကလေးတွေ ရွေးတယ်။ ဆောင်းတွင်းဝတ်တဲ့ လက်အိတ်ကလေးတွေ ရွေးတယ် ။ ဟူဒီအင်္ကျီ ကလေးတွေ ရွေးတယ်။ ငါ့စိတ်ကူးနဲ့ ငါ တော်တော်ပျော်နေခဲ့တယ်။ နင် အဲဒီမှာ ရှိနေမယ်လို့ ယုံကြည်တယ်။

အိမ်ပြန်ရောက်တော့ ရေမိုးချိုး အထုပ်တွေပြင်ပြီး ကားကြီးဝင်းကို ထွက်ခဲ့တယ်။ ကားကြီးဝင်းမှာ နင့်ကို မတွေ့နိုင်ခဲ့တဲ့ ငါကဒီကားကြီးဝင်းကနေ နင်ရှိနိုင်တဲ့ နေရာကိုတော့ ထွက်လာနိုင်ခဲ့ပါတယ်။ ထွက်ခဲ့

တဲ့ ခရီးတွေထဲ ဒီခရီးက ငါ့အတွက် အတက်ကြွဆုံးလို့ ပြောရမယ်။ ကားထွက်တော့ ကားပေါ်မှာ လည်း မက်ဒေါနားနဲ့ Westlife သီချင်းတွေနဲ့ ငါငြိမ့်ပြီး စိတ်ကြည်နေခဲ့တယ်။ ကားမှန်ကနေ ဘေးဘီဝဲယာကို ကြည့်တော့ အမှောင်ယံကြီးစိုးတဲ့ ည ဖြစ်နေပြီ။ ကြယ်တချို့က ကောင်းကင်မှာ တလက်လက်နဲ့ ။ အဲဒီကြယ်ကလေးတွေက နင်ရှိမယ့် နေရာကိုများ လမ်းပြပေးနိုင်မယ်ဆို သိပ်ကောင်းမှာ ပဲ။ ခုတော့ နင်ကကြယ်တွေတောင် မရှာတွေ့နိုင်အောင် ပျောက်ရှလို့ ပေါ့ ။

ငါ ကလောကို ရောက်သွားတော့ မနက်ခင်း ဝေလီဝေလင်းအချိန်။ ဆိုင်ကယ်ကယ်ရီသမားတချို့နဲ့ ဈေးသည် တွေကတော့ ပျားပန်းခပ်နေခဲ့ပြီ။ လမ်းဘေးက ဆိုင်လေးတစ်ဆိုင်မှာ ဝင်ထိုင်ပြီး ကြက်ပေါင်းခေါက်ဆွဲ မှာ တယ်။ နင် စားချင်တဲ့ အစားအစာပါပဲ။ ဆိုင်ကလေးထဲမှာများ နင်ရှိနေမလားဆိုပြီး ငါရှာကြည့်သေးတယ်။ မြူတွေဆိုင်းပြီးနှင်းတွေဝေနေတဲ့ ရှမ်းပြည်ရဲ့ ကလောမြို့ကလေးက သိပ်လှတာပဲ။ နင်သိပ်သွားချင်တဲ့ မြို့ကလေးပေါ့။ အငွေ့ တထောင်းထောင်း ထွက်နေတဲ့ ကြက်ပေါင်းခေါက်ဆွဲလေးနဲ့ မြူဆိုင်းနေတဲ့ ကလောမြို့ မနက်ခင်းကပဏာရပြီး လွမ်းစရာတောင် ကောင်းနေခဲ့တယ်။

နင် မှတ်မိသေးလား။ တစ်ခုသော အဲဒီညနေက နင်က ငါဂစ်တာတီးတဲ့ အနားမှာ စိတ်လိုလက်ရနဲ့ ထိုင်နေခဲ့တာ။ နင့်အမေနဲ့ စကားများလာတယ်လို့ လည်း နင်ပြောတယ်။ မျက်နှာကလေးက စူပုပ်လို့ ပေါ့။ ပြီးတော့ ငါ့ကို ဂစ်တာတီးပြီး သီချင်းဆိုပြခိုင်းတယ်။ ရတဲ့ သီချင်းဆို ဆိုတော့ ငါက ငါခံတွင်းတွေ့နေတဲ့ သီချင်းလေး ဆိုပြတယ်။ ဘိုဖြူရဲ့ လင်းခေးအဝင်။ "တောပန်းကလေးတွေနဲ့ လှချင်တိုင်း လှနေတဲ့ မြို့ကလေး" တဲ့ ။ "လမ်းကလေးတွေကလည်း ကွေ့ကောက်နေပြီး တစ်ဆင့်ထက် တစ်ဆင့်မြင့်လာတဲ့ တောင်တန်းပြာတွေ ကာရံထားတဲ့ မြို့အဝင်ကလေးနဲ့

" တဲ့ ။ အဲဒီ သီချင်းလေးလေ။

ငါဆိုနေရင်း နင်ငိုတယ်သိလား။ ငါက ဘာများမှားသွားပြီလဲဆိုပြီး ငါ့ရင်ထဲမှာ ပူသွားတယ်။ နင့်အမေက ဘာပြောလို့ လဲ၊ ငါ့စကားတွေ ကြောင့်လားလို့ မေးတော့ နင့်ဆီကအဖြေက ငါမထင်ထားတဲ့ အဖြေ ဖြစ်နေခဲ့တယ်။ အဲဒီသီချင်းထဲက မြို့ကလေး မဟုတ်တောင် တောင်ပေါ် မြို့ကလေးတစ်မြို့ကို နင်သိပ်လွမ်းတဲ့ အကြောင်း၊ အထူးသဖြင့် က လောမြို့လေးကို နင်သိပ်သွားချင်နေတယ်ဆိုတဲ့ အကြောင်း။ နင် အသက်ကြီးလာတဲ့ အခါ တောင်ပေါ်မြို့ကလေး တစ်မြို့မှာ ပဲနောက်ဆုံး နေဝင်ချိန်တွေကို ဖြတ်သန်းချင်တဲ့ အကြောင်း။ "ဘာမှန်းမသိတဲ့ တောင်ပေါ်မြို့ကလေးကို မှန်းဆပြီး လွမ်းငိုနေမိတာ"တဲ့ ။ သူများ တွေ က ပုဂံရောက်ရင် ရင်ထဲမှာ မဖော်ပြနိုင်တဲ့ ဝေဒနာတွေ ခံစားရတယ်တဲ့ ။

နင်ကတော့ တစ်မျိုးပါပဲ။ တောင်တန်းဒေသက သီချင်းတွေ နား ထောင်တယ်။ တောင်တန်းတွေပါတဲ့ ဝတ္ထုတွေ ရှာဖတ်တယ်။ စိုင်းထီး ဆိုင်၊ စိုင်းဆိုင်မောစ်နဲ့ ဘိုဖြူသီချင်းတွေ သိပ်နားထောင်တယ်။ ပြီးရင် ခံ စားတယ်။

နင်ပြောဖူးသေးတယ်။ နင်က ရှမ်းစော်ဘွားမျိုးရိုးထဲက လူဝင်စား တာ ထင်တယ်တဲ့ ။ ဟုတ်ချင်ဟုတ်နေမှာ ။ နင်က ကလောဇာတိကိုး။ နင့်ကို နင့်အဖေ တာဝန်ကျတဲ့ ကလောမြို့လေးမှာ မွေးပြီး ရှစ်လကြာမှ ငါတို့ မြို့ကလေးဆီ ရောက်လာတာလို့ အမေပြောဖူးတယ်။ အဲဒီတော့ နင်က ကလောသူပေါ့။ ခုတော့ နင်သိပ်ချစ်တဲ့ ၊ သိပ်နေချင်တဲ့ တောင် ပေါ်ကလောမြို့လေးမှာ နင်ရှိနေမယ်လို့ ငါယုံကြည်ပါတယ်။

ငါတည်းမယ့် ဟိုတယ်ကိုရောက်တော့ နေမင်းက တောင်တန်းတွေ

ကြားထဲကနေ နိုးထလာခဲ့ပြီ။ ငါကံကောင်းတာပေ့ါ။ အရင်ရက်တွေက မြူတွေ ဆိုင်းပြီး ကလောမြို့ကလေးမှာ နေမမြင်ခဲ့ရဘူးတဲ့ ။ ဒါတောင် နေထွက်တယ် ဆိုပေမယ့် မြူတွေနဲ့ မပီဝိုးတဝါးပါပဲ။ ငါရေမိုးချိုးတယ်။ ချက်ချင်းပဲ ငါမြို့လေးထဲကိုသွားဖို့ ဆုံးဖြတ်တယ်။ ငါ့မှာ နားဖို့ ထက် နင့်ကိုပဲရှာဖို့ တက်ကြွနေခဲ့မိတယ်။

ငါတည်းတဲ့ ဟိုတယ်ကလေးက တောင်စောင်းလေးမှာ ။ တောင် လေ အေးအေး တဖြူးဖြူးနဲ့ သိပ်နေလို့ ကောင်းတယ်။ ထင်းရှူးပင်တွေ က စိမ်းစို အုံ့မှို င်းပြီး လွမ်းစရာ ကောင်းလိုက်တာ။ နင်ရော ထင်းရှူးပင်ကလေးတွေ အောက်မှာ များ နင်ကြိုက်တဲ့ စာအုပ်တွေ ဖတ် နေမလား။ နင်သိလား။ ငါ့ကျောပိုးအိတ်ထဲမှာ ဆရာမဂျူးရဲ့ အမှတ်တရ စာအုပ်ကလေး ပါလာတယ်။ နင်ပထမဆုံးပေးခဲ့တဲ့ စာအုပ်ကလေးပေ့ါ။ နင်က ဆရာမဂျူးနဲ့ ဆရာမ မစန္ဒာ ခရေဇီဆိုတော့ ငါပါဆရာမဂျူးနဲ့ ဆ ရာမ မစန္ဒာ ကြိုက်သူဖြစ်ခဲ့ရတယ်။ နင်ကတော့ ခုချိန် ဘယ်စာရေးဆ ရာကို ပြောင်းကြိုက်နေပြီလဲ ငါသိချင်လိုက်တာ။ ငါတော့ဆရာမ မစန္ဒာ နဲ့ ဆရာမဂျူးပဲ ကြွေနေတုန်းပဲ။

ဆရာမ မစန္ဒာရဲ့ ကွက်လပ်ကလေးဖြည့်ပေးပါ ဖတ်ပြီး ငါတို့ နှစ် ယောက်ငိုမိတာ မှတ်မိသေးလား။ ဆရာမဂျူးရဲ့ ဆုံနေရက်နဲ့ လွမ်းလေ ခြင်းကို ဖတ်ပြီးပြန်တော့လည်း နင်နဲ့ အတူ ပြင်သစ်က လာဗင်ဒါပန်း ခင်းကြီးထဲ ငါသွားချင်နေခဲ့မိသေးတာ။ အဲဒီနေ့က တစ်နေကုန်ငါ က လောမြို့ကို ပတ်ခဲ့တယ်။ ဆိုင်ကယ်တစ်စီးနဲ့ ပေ့ါ။ နင့်နာမည်နဲ့ နင့်အ မေနာမည်ကို ဈေးထဲမှာ ၊ ဆိုင်တွေဆီမှာ ငါမေးတယ်။ တောင်စောင်း တွေဆီက လမ်းကလေးတွေဆီမှာ ရောပဲ။ ပြီးတော့ နင်ရှိမလားထင်မိ တဲ့ ကော်ဖီဆိုင်ကလေးတွေ။ ငါတို့ ပြောနေကြ Cafe Kalaw ဆိုင်လေး မှာ နင့်ကို သတိရစိတ်နဲ့ နင်ပေါ်လာမလား ထိုင်နေမိခဲ့တယ်။

နောက်တော့ နင်သိပ်ကြိုက်လာခဲ့တယ်ဆိုတဲ့ ဝိုင်တွေရှိတဲ့ RedHous e Wine Bar ကိုသွားထိုင်တယ်။ အဲဒီညက ငါ ဟိုတယ်ကိုပြန်ရောက် တော့ ရှစ်နာရီရှိပြီ။ ငါ့တစ်ကိုယ်လုံး နွမ်းလျချည့်နဲ့ နေခဲ့ပြီ။ မောပန်း တာထက် နင့်ကို ရှာမတွေ့နိုင်တဲ့ စိတ်က ငါ့ကိုတွန်းလှဲဖို့ ကြိုးစားတယ် ။

အဲဒီညက ဝရန်တာမှာ ကြယ်လေးတွေ ငေးရင်း ငါငိုတယ်။ ကလော ညကလေးက အေးအေးလေးနဲ့ ကြယ်တွေစုံနေခဲ့ပြီ။ နင်နဲ့ ငါက ဟိုဘဝ က ရေစက်နည်းခဲ့တယ် ထင်ပါတယ်။ မလိုက်ဘဲလည်း နင်ကပြေးတယ် ။ မတွေ့နိုင်မှန်းသိလည်း ငါကရှာတယ်။ ကမ္ဘာမြေက ကျဉ်းတယ်တဲ့ ။ ငါ့အတွက်တော့ ကလောမြို့ကလေးကတောင် ကျယ်ပြောနိုင်လွန်းပါတ ယ်။ ဆက်သွယ်လို့ ရနိုင်ပါရက်နဲ့ မဆက်သွယ်လာခဲ့တဲ့ နင့်ကို ငါကရှာ နေခဲ့မိတယ်။

လေပြည်အေးအေးက တိုက်ခတ်တော့ အရိုးထဲထိ အေးတယ်။ က လောဒီဇင်ဘာက အနွေးထည်တွေ အထပ်ထပ်နဲ့ တောင် အရိုးကွဲအောင် အေးပါရဲ့ ။ နင့်အတွက် ဝယ်လာတဲ့ အနွေးထည်တွေ၊ လက်အိတ်က လေးတွေ ထုတ်ကြည့်ပြီး နင့်ကို လွမ်းနေခဲ့ပြန်တယ်။ နင်က သိုးမွေး အနွေးထည်ကလေးတွေ၊ လက်အိတ်ကလေးတွေ၊ ခေါင်းစွပ်ကလေး တွေနဲ့ ဆို သိပ်လှနေမှာ ။ ဟူဒီ အနွေးထည်ကလေးနဲ့ အောက်က အား ကစားဘောင်းဘီဖစ်ဆိုဒ်နဲ့ သိုးမွေး ဖိနပ်ကလေးနဲ့ ဆိုလည်း ပဏာရနေ မှာ ။ စိတ်ကူးတွေနဲ့ အဲဒီရက်မှာ ငါ ရူးသွပ်နေခဲ့မိတယ်။

ရုံးဖွင့်ရက်ကျတော့ ရုံးကို ခွင့်လှမ်းတိုင်ရတယ်။ အမေကတော့ ဆူ တာပေါ့။ အလည်သွားတာ အဲလောက်နေရမလားပေါ့။ ငါကလောမှာ သုံးရက်ထိ ဆက်နေတယ်။ ဆိုင်ကယ်တစ်စီးနဲ့ လမ်းတွေထဲမှာ ငါ့ ကိုယ်

သင်းနဲ့တွေ ထပ်အောင် ပတ်တယ်။ ခြေရာတွေ ထပ်အောင်သွားတယ်။ ဖိုက်တောင်ဘက်ကိုလည်း ငါသွားတယ်။ နင်သိလား ဖိုက်တောင်အရှေ့က ကုန်းကမူလေးရဲ့ နောက်မှာ ရထားသံလမ်းလေးရှိတယ်။ တောင်နှစ်ခုကြားမှာ ရထားသံလမ်းလေးရှိတာမို့ သိပ်လှတယ် ပြောရမယ်။ အဲဒီ ကုန်းလေးပေါ်ကနေ မြင်ရတဲ့ လမ်းနဲ့ ဖိုက်တောင်ရှုခင်းတွေကို ငါငေးတယ်။ နှီးဘုရားမှာ လူတွေကို သွားငေးတယ်။

ထူးခြားတဲ့ နှစ်တစ်ရာ ဘုရားကျောင်းဖြူဖြူကလေးမှာ တောင်ငါဆုတွေတောင်းနေခဲ့မိတယ်။ နောက်နေ့တွေမှာ အိုးစည်တောင်ကိုတက်တယ်။ တောင်တန်းမြင့်မြင့်ပေါ်ကနေ ကြည့်ရတဲ့ ရှုခင်းတွေကို နင်ကချစ်တယ်လေ။ ငါမှတ်မိသေးတာပေါ့ ။ ငါတို့ အထက်တန်း နောက်ဆုံးနေ့က ငါတို့ မြို့ကလေးကနေ ပန်းတစ်ပွင့်တောင်ကို သွားခဲ့ကြတာလေ ။ အဲဒီတုန်းက ပန်းတစ်ပွင့်တောင်ပေါ်ကနေ ရှုခင်းတွေကိုကြည့်ပြီး နင်များ တောင်တန်းတွေဆီမှာ နေရရင် နေ့တိုင်း စာလာထိုင်ဖတ်မှာ ဆိုတာလေ။ ခုတော့ နင်ရှိမလားဆိုတဲ့ စိတ်နဲ့ အိုးစည်တောင်ကို ငါတက်ဖြစ်တယ်။ အဲဒီအပေါ်ကနေ ကလောအနီးအနား ရွာတွေက ရောင်စုံစိုက်ခင်းလေးတွေနဲ့ ပင်းတယဘက်ကိုသွားတဲ့ ကားလမ်းက တောင်တန်းတွေကိုပါ ငါငေးမောနေခဲ့မိတယ်။

ညနေစောင်းတိုင်း ကိုလိုနီခေတ်က အငွေ့အသက်တွေရှိတဲ့ အနီရောင် ဘူတာကလေးဆီ ငါသွားထိုင်တယ်။ ကလောဘူတာကလေးက လှလိုက်တာ။ နင်နဲ့ အတူများ ကလောဘူတာကလေးမှာ ထိုင်ခွင့်ရရင် ငါတို့ ဘာတွေများ ပြောဖြစ်ကြမလဲ ငါသိချင်မိလိုက်တာ။ ရထားလမ်းကလေးကို ငေးရင် ငါ လျှောက်တွေးနေခဲ့မိတယ်။ အဲဒီဘက်ကို သွားတဲ့ နားက ကလောနာရီစင်ကြီးကတော့ ငါ့ကိုမှတ်မိနေခဲ့ပြီ။ ညဘက်ဆို သိမ်တောင်အပေါ်ကနေ ချိုင့်ဝှမ်းကလေးထဲက ကလောမြို့ကလေးကို ကြည့်ဖြစ်

တယ်။ မီးကလေးတွေ တလက်လက်နဲ့ ကလောမြို့က ဆိတ်ငြိမ် အေးချမ်းနေခဲ့ပြီ။ အဲဒီ ချိုင့်ဝှမ်းထဲက မြို့ကလေးရဲ့ တစ်နေရာမှာ တော့ နင်ရှိနေမှာ ။ နင်ဘယ်နေရာမှာ များ လဲ။ နင့်ကိုပြန်တွေ့ခွင့် ရပါစေပေါ့ ။ နင်ကတော့ အပုန်းကောင်းလွန်းပါတယ်။

နင် သိပ်မြင်ချင်တာပဲ ဆိုတဲ့ မြို့ထဲနဲ့ ဝေးတဲ့ ကလောဖျူးပွိုင့်ကိုသွား ပြီး ရှုခင်းအလှတွေကို ဓာတ်ပုံရိုက်တယ်။ ရှုခင်းကြည့်ရတဲ့ စင်ကလေး အထက်ကနေ ကလောတောင်တန်းစိမ်းတွေကို ငေးတယ်။ ထင်းရှူးပင် ရိပ်တွေ အောက်မှာ ဂျူးစာအုပ်ကလေးကို ဖတ်တယ်။ ဓာတ်ပုံတွေက တော့ ငါ့အခန်းကလေးထဲမှာ ချိတ်ဖို့ ပေါ့။ မနက်ခင်းဆို ကလောဈေးက လေးထဲကိုသွားပြီး ရှမ်းအစားအစာတွေ စားတယ်။ တောင်ကုန်းမြင့်မြင့် ကလေးမှာ တည်ထားတဲ့ လက်ဖက်ရည်ဆိုင်ကထိုင်ပြီး သွားလာနေတဲ့ သူတွေကို ကြည့်တယ်။ နင့်ကိုများ အမှတ်မထင် တွေ့ရမလား ဆိုပြီး တော့ပေါ့။ ကျေနပ်ပါတယ်။ ကလောမှာ နေခဲ့တဲ့ ရက်တွေဟာ နင်နဲ့ အ တူရှိခဲ့တဲ့ ရက်တွေလို့ တွေးလိုက်တဲ့ အခါ ကမ္ဘာမြေက ပျော်စရာအတိ ဖြစ်ခဲ့တယ်။

အပူလွှတ်ပေးထားတဲ့ ဟိုတယ်ခန်းကလေးထဲမှာ အဲဒီညက အိပ်မက်မက်တယ်။ "ကလောမြို့ရဲ့ ညအလှကို တောင်ပေါ်ကနေကြည့် နေတုန်း နင်ရောက်လာတာ"တဲ့ ။ နင်ရော ငါရော သိပ်ပျော်ကြတယ်။ စ ကားတွေ အများကြီးလည်း ပြောကြတယ်။ ပြီးတော့ ကြယ်တွေကို ရေတွက်ကြတယ်။ ငါက ကြယ်တွေကိုရေရင် သေတတ်တယ်နော်ဆို တော့ နင်က ဟက်ဟက်ပက်ပက် ရယ်တယ်။ "ငါကလေး မဟုတ်တော့ ဘူး" တဲ့ ။ ကြည့်ပါဦး နင့်မျက်ဝန်းကလေးတွေက တောက်ပလိုက်တာ။ အိပ်မက်ထဲမှာ "နင်အရင်ကထက် ရင့်ကျက်လာတယ်"တဲ့ ။ ငါ့ကို ဂစ် တာတီးပြခိုင်းတော့ ငါက တီးပြတယ်။ လောကကြီးမှာ ကြယ်ကလေး

တွေရယ် နင်ရယ် ငါရယ်။ ဂစ်တာသံလေးနဲ့ လေလေးတွေက တဖြူးဖြူး နဲ့ ကြည်နူးစရာပါပဲ။

ငါအိပ်မက်က လန့်နိုးတော့ ငါ့တစ်ကိုယ်လုံး ချစ်ချစ်တောက်ပူနေခဲ့ ပြီ။ ငါဖျားနေခဲ့ပြီ။ ငါ့မျက်ရည်တွေ ကျလာခဲ့ပြန်တယ်။ နင်သိပ် ရက်စက်လွန်းတယ်လို့ ငါမပြောရက်ပါဘူး။ ငါကကို အစွဲလမ်း ကြီး လွန်းခဲ့တာပါပဲ။ နောက်နေ့တော့ ဖျားနာနေတဲ့ ခန္ဓာကိုယ်နဲ့ ငါတို့ မြို့ကို ကြိုးစားပြီး ပြန်ခဲ့ရတယ်။

အပြန်လမ်းမှာ မြင်တွေ့ရတဲ့ တောင်တန်းစိမ်းစိမ်းနဲ့ အကွေ့အကောက်လမ်းတွေက ငါ့ရင်ကို လှုပ်ခတ်လို့ ပါပဲ။ ငါ မျက်ရည်တွေ ကျနေခဲ့ ပြန်တာပါပဲ။

(၄)

လူတစ်ယောက်က ကိုယ့်ရှင်သန်မှုကို ကိုယ့်ဘာသာ ဂရုစိုက်ရတယ် တဲ့ ။ ငါ့ဘာသာငါ ရှင်သန်အောင် နေထိုင်တတ်ပေမယ့် နင့်ကိုပါ ငါ့ အပါးမှာ ရှင်သန်စေချင်တဲ့ စိတ်ကို ငါပယ်ဖျောက်ဖို့ လုပ်ရတယ်။ ဒါပေ မဲ့ မအောင်မြင်ပါဘူး။ အချိန်တိုင်း သတိရနေတာ မဟုတ်ပေမယ့် နင့်အ ပေါ်မှာ ထားတဲ့ မေတ္တာစိတ်မျိုး တစ်ယောက်ယောက်ကို ပြောင်းထားဖို့ မအောင်မြင်ခဲ့တာပါပဲ။

ငါ့ ခြံ လေး ထဲ မှာ စံပယ်တွေ၊ နှင်းဆီတွေ ပိုစိုက်ဖြစ်ခဲ့တယ်။ သစ်ခွပန်းလေးတွေ ပိုပျိုးဖြစ်တယ်။ ငါတို့ ခြံလေးကို ဈေးကောင်းပေး လာဝယ်ကြပေမယ့် အမေနဲ့ ငါစိတ်တူခဲ့တယ်။ ဂုဏ်ပကာသနတွေနဲ့ နေ

ရတာထက် ငါတို့ လွတ်လပ်မှုကိုပဲ တန်ဖိုးထားခဲ့ကြတယ်။ ပုံမှန်အတိုင်း ကွင်းပြင်စိမ်းကြီးဆီကို ညနေတိုင်း ငါစက်ဘီးစီးသွားတယ်။ ငါ ဆေးလိပ်တွေ သောက်တတ်လာတယ်။ ကဗျာတွေ တအား ဖတ်ဖြစ်လာတယ်။ ငါ့ အခန်းထဲမှာ မောင်ချောနွယ်၊ တာရာမင်းဝေနဲ့ မောင်သိန်းဇော်ကဗျာတွေ နေရာပိုပြည့်လာခဲ့တယ်။ ငါလည်း "နှင်" ဆိုတဲ့ ခေါင်းစဉ်နဲ့ ကဗျာတွေ အများကြီးရေးတယ်။ နှင်နဲ့ ကြိုက်ခဲ့တဲ့ နှင့်ရည်းစားဟောင်း ဟိုကောင်လည်း ခုရက်ထဲ မင်္ဂလာဆောင်တယ်။ သူတို့ ကျတော့လည်း တစ်ယောက်ယောက်စီကို မေတ္တာတွေ လွှဲပြောင်းဖို့ လွယ်ကူလွန်းပါတယ်။ "ကောင်မလေးက နယ်ဘက်က"တဲ့ ။ သူ့အိမ်က သဘောမတူဘူးတဲ့ လေ။ လမ်းထဲလည်း အဲဒီသတင်းက ဆူညံပွက်လို့ ပါပဲ ။ "နှင်နဲ့ ဆိုတောင် သဘောတူမိမှာ လို့ သူ့အိမ်က ပြောကြတယ်"တဲ့ ။

ငါ့ရင်ထဲမှာ တစ်ခု ဆုတောင်းပြည့်သွားသလိုပဲ။ နှင် ဒီမှာ ဆက်ရှိမနေခဲ့တာ ကံကောင်းခြင်းပါပဲလို့ ပေါ့။ ကြားထဲမှာ ဆူညံပွက်ကြနဲ့ နောက်တော့ မင်္ဂလာဆွမ်းကျွေးနဲ့ ကျေနပ်ကြတယ်။ "ကောင်မလေး နယ်ကမို့၊ ပြီးတော့ ဆင်းရဲလို့ " တဲ့ ။ ကြည့်ပါဦး။ အချစ်ဟာပုံစံခွက်တွေထဲ အလူးအလဲ။ အချစ်စစ်ဟာ မျက်နှာငယ်လိုက်ရတာ။ တိုင်းတာချိန်တွယ်ခြင်းတွေနဲ့ အသားကျနေတဲ့ လောကကြီးက အချစ်ကိုပါ တန်ဖိုးတွေ ဖြတ်လိုက်ကြလို့ ။ ငါကတော့ အချစ်ကို အချစ်လို့ ပဲ မြင်ခဲ့ပါတယ်။ ပေးဆပ်ခြင်းလည်း မပါဘူး။ ရယူခြင်းလည်း မပါဘူး။ ကျန်တဲ့ စံသတ်မှတ်ချက်တွေလည်း မရှိဘူး။ ငါ နှင့်အပါးမှာ အမြဲရှိချင်တယ်။ နှင့်အပါးမှာ နေရရင် ငါပျော်တယ်လို့ ခံစားရတယ်။ မဟုတ်ဘူး အဲဒါကပဲ ငါ့ပျော်ရွှင်ခြင်း ဖြစ်နေခဲ့တာ။

သစ်ရွက်တွေကြွေတဲ့ နွေရာသီရောက်တော့ လမ်းလေးထဲမှာ သစ်ပင်တွေက ရိုးတံတွေကျဲကုန်ကြပြီ။ ကလေးတွေက ငါတို့ ငယ်ငယ်ကလိုပဲ

ဆော့လိုက်ကြ၊ သင်တန်းတွေ တက်လိုက်ကြပါပဲ။ ငါလည်း နင့်ကို သတိရနေဆဲပါပဲ။ အကြောင်းတရားတွေ၊ အကျိုးတရားတွေ တိုက်ဆိုင်လာတဲ့ အခါတိုင်းပါပဲ။ မိုး၊ ဆောင်း၊ နွေရာသီ အလီလီဟာ နင်နဲ့ ငါရဲ့ အမှတ်တရတွေပါပဲ။

နင်မှတ်မိသေးလား ငါတို့ ငယ်ငယ်က နွေရာသီ အင်္ဂလိပ်စာ သွားတက်ကြတဲ့ ဆရာမအိမ်လေ။ ဘတ်စ်ကားကြီးကိုစီးပြီး အဲဒီလမ်းကို သွားကြရတာ နင်သိဦးမှာ ပါ။ ကားဂိတ်ကနေ လမ်းလေးထဲကိုတောင် အတော် လျှောက်ရသေးတာ။ အဲဒီ လမ်းလေးထဲမှာ နင်နဲ့ ငါ့ကို ခွေးလိုက်ဆွဲလို့ မြောင်းထဲ ဆင်းပြေးကြရတာလည်း မေ့မရတဲ့ အမှတ်တရပါပဲ။ ဟိုရက်ကတော့ အဲဒီ လမ်းလေးထဲ ငါရောက်သေးတယ်။ ဆရာမတို့ လည်း မရှိတော့ဘူး။ ပြောင်းသွားကြပြီတဲ့ ။ အဲဒီလမ်းကလေး ခုတော့ စည်ကားလို့ ပါပဲ။ စက်ရုံတွေရှိတဲ့ လမ်းကြီး ဖြစ်နေခဲ့ပြီလေ။ လူနေဆောင်တွေ၊ ဈေးဆိုင်တွေ ပြည့်ကျပ်လို့ ပေါ့။ လမ်းမပေါ်မှာ တောင် ကားတွေက ဟွန်းတတီတီနဲ့ တလိမ့်လိမ့်ပဲ သွားနိုင်တော့တယ်။ အဲဒီ လောက်ထိ လူတွေ စည်ကားသွားခဲ့ပြီ။

တချို့အရာတွေက အဆင့်ဆင့် ပြောင်းလဲခဲ့ကြပေမယ့် ငါကတော့ အတိတ်မှာ ပဲ ရှင်သန်နေခဲ့တယ်။ နင်ရှိတယ်ဆိုတဲ့ အတိတ်မှာ ပေါ့။

နင်သိလား တချို့အရာတွေက အတင်းလုပ်ယူ ပြောင်းလဲပစ်လို့ မရနိုင်ဘူးဆိုတာ။

(၅)

နင်သိလား ဆိုပြီး အစချီတဲ့ ငါရေးနေကျ ငါ့စာအုပ်ကလေးဒီရက်ထဲ တစ်အုပ်ကုန်သွားတယ်။ ကုန်တိုက်မှာ ငါစာအုပ်သွားဝယ်ဖြစ်ခဲ့တယ်။ ရုံးနဲ့ နီးတော့ နေ့လယ်ကြီး သွားဝယ်တာပေါ့။ အဲဒီနေ့လယ်က မိုးတွေ သဲသဲမဲမဲ ရွာနေတာ။ ကားတွေတောင် မီးထိုးမောင်းနေကြတာ။ ငါ့ဘောင်းဘီ အောက်ခြေတွေမှာ မိုးတွေ ရွှဲနစ်လို့ ။ ထီးကကြီးပေမယ့် ပက်မိုးဖြစ်နေခဲ့တာကြောင့် အောက်တစ်ပိုင်းလုံး မိုးရေတွေ စိုနေခဲ့ပြီ။

ကုန်တိုက်နားရောက်ခါနီးမှာ အမှတ်မထင် မီးပွိုင့်မိနေတဲ့ ကားတွေရဲ့ လမ်းတစ်ဖက်ကို ကြည့်မိတယ်။ ငါ့ရင်တွေ တဒုန်းဒုန်း ခုန်လာတယ် ။ မိုးတွေကလည်း သည်းနေတော့ ငါ သေချာ ရှေ့တိုးကြည့်ရတယ်။ ခေါက်ထီးကလေးတစ်လက်နဲ့ ကောင်မလေး။ လက်ထဲမှာ အိတ်ကလေး တစ်လုံး ဆွဲထားသေးတယ်။ ငါ နင့်နာမည်ကို အားရပါးရ အော်ခေါ်တယ်။ ငါ့မျက်ဝန်းတွေက အပျော်တွေပြည့်နေမှာ အသေအချာပဲ။ ငါ လမ်းဖြတ်ကူးဖို့ အလုပ် မီးပွိုင့်က စိမ်းသွားတယ်။ ကားတွေ၊ မိုးသည်းတွေ။ နင့်ကို ရှာလို့ မတွေ့ခဲ့တော့ဘူး။ ငါစိတ်တွေ ခုန်နေခဲ့တယ်။ တောင်လိုလို မြောက်လိုလိုပေ့ါ။ နောက်တော့ ငါအနီးအနားက လမ်းတွေထဲ လိုက်ရှာတယ်။ လမ်းမတွေပေါ် ရေတွေကပြည့်နေခဲ့ပြီ။ နင် သေချာပါတယ်နော်။ နင်သေချာပါတယ်။ နင် မဟုတ်ဘူး ဆို ငါ့အမြင်တွေ မှားနေခဲ့ပြီလား။ ငါ့အမြင်တွေထဲ နင် အဲလောက်ထိ စွဲငြိနေခဲ့သလား။ ငါမသိချင်တော့ပါဘူး။ ငါ တစ်ယောက်တည်း မိုးရေတွေထဲမှာ ဝမ်းနည်းပြီး မျက်ရည်တွေ ကျလာမိတယ်။

အဲဒီညက စိတ်ထဲမှာ ပေါက်တတ်ကရတွေ ငါတွေးခဲ့မိတယ်။ နင်များ တစ်ခုခုဆိုပြီး၊ ကိုယ့်အတွေးတွေကို ပြန်ကျိန်ဆဲမိတယ်။ နင်တစ်နေရာရာမှာ အသက်ရှင်နေမှာ အသေချာပါပဲ။ နင်ဟာ မာကျောပြတ်သားတဲ့ သူတစ်ယောက်ပဲ။ နင်ကောင်းကောင်း ရှင်သန်နိုင်မှာ ပါလို့ ငါ

ယုံပါတယ်။

တစ်နေ့တော့ နင်နဲ့ ငါ ပြန်ဆုံကြရမှာ ပါ။

အဲဒီညက ခြံထဲမှာ စံပယ်ပန်းရနံ့တွေ မွှေးပျံ့နေခဲ့တယ်။

အဲဒီနေ့ကတော့ မိုးသည်းတယ်ပေါ့။

***